## စားရိပ်သာဆိုင်ခန်း ငှားရမ်းရန် ဈေးပြိုင်တင်ဒါစနစ်ခေါ်ယူရန် ကြေညာခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ ဝန်ထမ်းများ အစားအသောက်များကို သန့်ရှင်းလတ်ဆတ်စွာနှင့် အမယ်စုံလင်စွာ အလွယ်တကူဝယ်ယူစားသောက်နိုင်ရန်အတွက် ရုံးအမှတ်(၁၄) ရုံးဝင်းအပြင်ဘက် ကားရပ်နားကွင်းအနီးရှိ ဝန်ထမ်းစားရိပ်သာအဆောက်အဦအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ရာ အောက်ပါအချက်များနှင့် ကိုက်ညီသည့် စိတ်ပါဝင်စားသူများ တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံသားဖြစ်ရပါမည်။

(ခ) စားသောက်ဖွယ်ရာများကို သန့်ရှင်းလတ်ဆတ်မှု အဓိကထား၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရမည်။

(ဂ) အရက်သေစာနှင့် မူးယစ်ဆေးဝါးများ ရောင်းချခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။

(ဃ) အခြားသောအခွန်အခများကို မိမိအစီအစဉ်ဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။

(င) အဆောက်အဦကို မိမိအစီအစဉ်ဖြင့် သပ်ရပ်သန့်ရှင်းစွာ ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ပြီး စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ ပြင်ဆင်ပြီးသည့် အနေအထားအတိုင်း ထားရှိသွားရမည်ဖြစ်ပါသည်။

(စ) ဆောင်ရွက်ခွင့်ရရှိပါက (၁)နှစ် စာချုပ်ချုပ်ဆို ငှားရမ်းမည်ဖြစ်ပါသည်။

(ဆ) တင်ဒါအောင်မြင်၍ ဆိုင်ဖွင့်လှစ်ခွင့်ရရှိသူမှ လျှပ်စစ်မီတာခ ပေးဆောင်ရန်အတွက် ကိုယ်ပိုင်(Sub Meter) တပ်ဆင်အသုံးပြုပြီး လျှပ်စစ်မီတာခကျသင့်ငွေအား ပြည်ထောင်စုဝန်ကြီးရုံးသို့ လာရောက်ပေးသွင်းရမည်ဖြစ်ပါသည်။

(ဇ) ဆိုင်ဖွင့်ချိန်အား မနက်(၆)နာရီမှ ညနေ(၆)နာရီအတွင်းသာ ဖွင့်လှစ်ရောင်းချရမည်ဖြစ်ပါသည်။

၂။ စားသောက်ဆိုင်ဖွင့်လှစ်ရန် လျှောက်ထားလိုသူများသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲသို့(၉-၈-၂၀၂၃) ရက်နေ့နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လာရောက်တင်သွင်းလျှောက်ထားနိုင်ပါကြောင်းနှင့်(၁၁ -၈-၂၀၂၃) ရက်နေ့တွင် ဈေးနှုန်းများဖွင့်ဖောက်ရွေးချယ်မည်ဖြစ်ပါသည်။ အခြားသိရှိလိုပါကဖုန်း ၀၆၇-၃၄၀၉၅၅၀/ ၀၆၇-၃၄၀၉၄၉၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန